BURMESE WOMEN'S UNION

# ဖိနှိပ်ထားသော်လည်း
# မာန်မချသည့်
# အာဂအမျိုးသမီးများ

## အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီထိန်းချုပ်မှု ၃ လတာ ကာလ အတွင်း မြန်မာနိုင်ငံအမျိုးသမီးများအခြေအနေ သုံးသပ်ချက်

ဧပြီ - ဇွန် ၂၀၂၁



# နိဒါန်း

## ၃ လအတွင်း အမျိုးသမီးများ၏ အခြေအနေနှင့် ပတ်သက်သည့် သတင်းသုံးသပ်ချက်

ယခုသတင်းသုံးသပ်ချက်သည် ဧပြီလမှ ဇွန်လအတွင်း ဖြစ်ပွားခဲ့သည့် အမျိုးသမီးများနှင့် ပတ်သက်သည့်သတင်းများကို အခြေခံ၍ သုံးသပ်ထားခြင်း ဖြစ်ပါသည်။ ပြီးခဲ့သည့် ၃ လအတွင်း အကြမ်းဖက် စစ်အုပ်စုမှ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် ဖမ်းဆီးနှိပ်စက်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းစသည့် လူသားဖြစ်မှုကို ဆန့်ကျင်သော ကျူးလွန်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိပြီး တရားဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်သည့် အခြေအနေသည်လည်း အာဏာသိမ်း စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင် ကင်းမဲ့လျက်ရှိသည်။ ထို့အပြင် အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးတွင် တတ်ကြွစွာပါဝင်နေသည့် အမျိုးသမီးများ၏ နိုင်ငံရေးလှုပ် ရှားမှုများမှာလည်း ပိုမိုဖိနှိပ်မှုများနှင့် ကြုံတွေ့နေကြရသည်။

သုံးသပ်ချက်တွင် ဖော်ပြထားသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်ကျူးလွန်မှု ကိန်းဂဏန်းများသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ ရရှိထားသည့် အချက်အလက် များပေါ်တွင်သာ အခြေခံထားခြင်းဖြစ်ပြီး မတည်ငြိမ်သည့် အခြေအနေများနှင့် ဆက်သွယ်ရေး အခက်အခဲများကြောင့် တကယ့်လက်တွေ့တွင် ကိန်းဂဏန်းများ ပိုမိုများပြားနိုင်သည်။

## ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအဆုံးသတ်ရေး အပြည်ပြည်ဆိုင်ရာနေ့

ဇွန်လ ၁၉ ရက်နေ့သည် **ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအဆုံးသတ်ရေး အပြည်ပြည်ဆိုင်ရာနေ့** ဖြစ်ပါသည်။ ထို့နေ့သည် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်အကြမ်းဖက်မှုများကို အဆုံးသတ်ရန်နှင့် ထိုအကြမ်းဖက်မှုများပပျောက်ရေးအတွက် ၎င်းတို့၏ အသက်ကို သတ္တိရှိစွာပေးဆပ်ပြီး အသက်ဆုံးရှုံးခဲ့သူများအား ချီးကျူးဂုဏ်ပြုရန်အပြင် ကမ္ဘာတဝှမ်းရှိ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရ

သူများနှင့် အသက်ရှင်ကျန်ရစ်သူများအား အားပေးဂုဏ်ပြုရန်၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသမီးများသည် မတည်ငြိမ်သည့်နိုင်ငံရေးအခြေအနေများတွင် လုံခြုံမှုပိုမိုကင်းမဲ့လာပြီး လက်နက်ကိုင်များ၏ ပစ်မှတ်ထားရာလည်း ဖြစ်လာသည်။ ပြည်တွင်းစစ်ဖြစ်ပွားရာဒေသများတွင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို လက်နက်သဖွယ် အသုံးပြုခဲ့သော်လည်း ငြိမ်းချမ်းရေးဆွေးနွေးသည့် ဖြစ်စဉ်များတွင် နစ်နာခဲ့သည့် အမျိုးသမီးများအတွက် တရားမျှတမှုရရှိရန် ဆွေးနွေးမှုများ မရှိခဲ့ပေ။ လက်ရှိအကြမ်းဖက်စစ်တပ်မှ စစ်အာဏာသိမ်းသည့်အခြေအနေတွင် အမျိုးသမီးများအား ဖမ်းဆီးစစ်ဆေးရာတွင် ကာယိအိန္ဒြေပျက်ပြားသည်အထိ နှိပ်စက်ညှဉ်းပန်းမှုများအပြင် လိင်အင်္ဂါများအား ကန်ကျောက်ခြင်းများနှင့် အကြမ်းဖက်မှုများကိုလည်း ကျူးလွန်ခဲ့သည့် သတင်းများလည်း ထွက်ပေါ် ခဲ့သည်။


ကမာရွတ်မီဒီယာ၏အယ်ဒီတာ ကိုဟန်သာညိမ်းအား စစ်ကြောရေးတွင် စစ်ဆေးမေးမြန်းချိန်၌ အင်္ကျီနှင့် ဘောင်းဘီများချွတ်၍ ယောကျ်ားချင်း မုဒိန်းကျင့်မည်ဟု ခြိမ်းခြောက်မှုများရှိခဲ့သည်ကို ကမာရွတ်မီဒီယာ အယ်ဒီတာချုပ်ကိုနေသန်မောင်၏ ပြောကြားချက်အရ သိရသည်။ အဖမ်းခံရသည့် အမျိုးသားများပင်လျှင် ထိုသို့ခြိမ်းခြောက်ခံရပါက အဖမ်းခံရသည့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် လူ့ဂုဏ်သိက္ခာချိုးဖောက်မှုများ ဆိုးဆိုးရွားရွားဖြစ်ပွားနေမည်မှာ မလွဲဧကန်ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်အိသဉ္ဇာမောင်က " မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခံရတဲ့ အမျိုးသမီးတွေအပေါ် စစ်ဆေးမေးမြန်းရာမှာ နှုတ်အားဖြင့် အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ပြင်းထန်စွာ ဒဏ်ရာအနာတရဖြစ်အောင် ရိုက်နှက်ခြင်းတွေ တွေ့ခဲ့ရတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ရိုက်နှက်မှုကြောင့် အမျိုးသမီးတစ်ဦး ကိုယ်ဝန်ပျက်ကျတဲ့အထိ ဖြစ်ခဲ့ရတယ်။ နောက်ထပ် တိုင်ကြားစာတစ်ခုထဲမှာလည်း မတရားဖမ်းဆီးခံထားရတဲ့ အမျိုးသမီးငယ်တစ်ဦးကို စစ်ဆေးရာနေရာမှာတင် မုဒိမ်းပြုကျင့်ခဲ့တယ်။ အခြားဖမ်းဆီးခံထားရတဲ့အမျိုးသမီးတွေကိုလဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အတင်းအဓမ္မ ကပြဖျော်ဖြေခိုင်းမှုရှိခဲ့တယ်"ဟု ဆိုခဲ့သည်။

ထိုအခြေအနေများကို ရပ်တန့်ရန်မှာ အာဏာသိမ်း အကြမ်းဖက်စစ်အုပ်စုက အတင်းအဓမ္မရယူထားသော နိုင်ငံတော်အာဏာကို ပြည်သူ့ထံသို့ ပြန်လည်အပ်နှံကာ တရားဥပဒေစိုးမိုးမှုရှိသည့် ဖက်ဒရယ်

ဒီမိုကရေစီနိုင်ငံတည်ထောင်နိုင်ပြီး ကျူးလွန်သူများအား ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ပေးမှသာ ဖြစ်ပေမည်။

## စစ်အာဏာရှင်လက်အောက် အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုများ




အာဏာစသိမ်းသည့် ဖေဖော်ဝါရီမှ ဇွန်လအထိ မိမိတို့စုဆောင်းရရှိထားသည့် စစ်တမ်းများအရ အသက် (၄) နှစ်အရွယ် ကလေးမလေးအပါအဝင် အမျိုးသမီးဦးရေ စုစုပေါင်း (၈၄၁) ဦး အဖမ်းခံခဲ့ရပြီး ၆၈ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ထို့အပြင် သေဒဏ်ချမှတ်ခံထားရသည့် အမျိုးသမီး (၄) ဦးရှိပြီး အာဏာသိမ်း အကြမ်းဖက်စစ်တပ်မှ လာရောက်ရှာဖွေဖမ်းဆီးရာတွင် မတွေ့သဖြင့် ရက်သားကလေးငယ်များအပါအဝင် မိသားစုဝင်များအား ဓါးစာခံလုပ်ကာ ဖမ်းဆီးခေါ်ဆောင် သွားမှုများ (၁၀) ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။

အာဏာသိမ်းကာလအတွင်း အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုသည် ပိုမိုခက်ခဲ၍ စိန်ခေါ်မှုများ ပိုမိုများပြားလာသည်။ အကြမ်းဖက်စစ်ကောင်စီမှ အမျိုးသမီးများ နိုင်ငံရေးလှုပ်ရှားမှုတွင် မပါဝင်လာစေရန်အတွက် ခြိမ်းခြောက်တားဆီးသည့်အနေဖြင့် ဖမ်းဆီးနှိပ်စက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် အဆိုးရွားဆုံးဖိနှိပ်မှုများကို ကျူးလွန်လုပ်ဆောင်ခဲ့သော်လည်း အမျိုးသမီးထု၏ နိုင်ငံရေးတက်ကြွမှုများကို လက်ရှိအချိန်ထိ ထိန်းချုပ်နိုင်မှု မရှိသေးပေ။

စစ်အာဏာသိမ်းပြီးသည့် ၅ လမြောက်ဖြစ်သည့် ဇွန်လအထိ အမျိုးသမီးများ၊ အိမ်ရှင်မများ၏ သံပုံးတီးသံများ ဆက်လက်ထွက်ပေါ်နေသည့်အပြင် ပျောက်ကျားသပိတ်များတွင်လည်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ဆက်လက်ပါဝင်နေသည်။ အကြမ်းဖက်စစ်ကောင်စီသည် အမျိုးသမီးလူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးခေါင်းဆောင် ဒေါ်သင်းသင်းအောင်အား ဖမ်းဆီးခဲ့ပြီး ယခင်စွဲဆိုထားတဲ့ ပုဒ်မ ၅ဝ၅ (က)အပြင် မတရားအသင်း ၁၇ (၁) နှင့်ပါ ထပ်တိုးတရားစွဲဆိုခြင်းသည် နိုင်ငံရေးတက်ကြွသူ အမျိုးသမီးများကို နိုင်ငံရေးဆက်မလှုပ်ရှားစေရန် ရည်ရွယ်ချက်ဖြင့် မတရားပုဒ်မများတပ်ကာ နှစ်ရှည် ထောင်ဒဏ်ချမှတ်၍ ဖိနှိပ်ခြင်းပင် ဖြစ်သည်။

## နွေဦးတော်လှန်ရေးမှသည် ခုခံတော်လှန်ရေးဆီသို့

စစ်တပ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ အမျိုးသမီးများသည် ကျရာအခန်းကဏ္ဍပေါင်းစုံမှ စစ်အာဏာရှင် အမြစ်ဖြုတ် ချေမှုန်းရေးအတွက် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။




အမျိုးသမီးများသည် စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရန် မိမိတို့၏ ချစ်ခင်သူများ၊ မိဘ၊ မောင်နှမ၊ ခင်ပွန်း၊ သားနှင့် သမီးများကို စွန့်လွှတ်ခဲ့ကြသည့်အပြင် လမ်းပေါ်ထွက်ဆန္ဒပြရာတွင်လည်း အသက်များ ပေးဆပ်ကာ တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

တက်ကြွလှုပ်ရှားသည့် အဖေ၊ ညီကိုမောင်နှမ၊ ခင်ပွန်း၊ သားနှင့် သမီးများလွတ်မြောက်ရေးအတွက် ကိုယ်စားအဖမ်းခံရခြင်းဖြင့်လည်း ပေးဆပ်ခဲ့ကြ သည်။ လုပ်ငန်းခွင်ဝင်နေသည့် အမျိုးသမီးများအနေဖြင့် စစ်အာဏာရှင်၏ ယန္တရားမလည်ပတ်နိုင်စေရန် အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)လုပ် သပိတ်မှောက်၍ မိမိတို့၏ မိသားစု စားဝတ်နေရေး အကြပ်အတည်းကို ရင်ဆိုင်အံတုခဲ့သည့်အပြင် ဘဝလုံခြုံရေးနှင့်အသက်ဆုံးရှုံးနိုင်သည့် အဖမ်းဆီးခံရမည့် အခြေအနေများကိုလည်း ကြံ့ကြံ့ခံကာ ရင်ဆိုင်နေကြသည်။

စစ်တပ်၏ မတရားဖမ်းဆီးခံရသည့် အမျိုးသမီးများမှာလည်း စစ်ကြောရေးတွင် ဆိုးရွားလှသည့် ရိုက်နှက်ညှဉ်းပန်း မှုများကို ရင်ဆိုင်ကြရသည်။ စစ်ကောင်စီမှ ဖမ်းဆီးထားသည့် ရုပ်ရှင်ထုတ်လုပ်ဖန်တီးသူ မအိမ့်သည် ရွှေပြည်သာစစ်ကြောရေးတွင် စစ်ဆေးမေးမြန်းခံရစဉ်ကာလအတွင်း ခြေချောင်းများ ကျိုးသည့်အထိ နှိပ်စက်ခံခဲ့ရသည်။

"မအိမ့်က စစ်ကြောရေးကို ရောက်လာလာချင်း ခြေချောင်းတွေ အချိုးခံရတယ်။ ခြေချောင်း အဆက်တွေ ပြုတ်ထွက်ကုန်တာပေါ့။ တခြားဒဏ်ရာတွေရောဆိုတော့ အဲဒီမှာ ဆေးရုံကို ၁၀ ရက်လောက် တက်လိုက်ရတယ်" ဟု သတင်းအရင်းအမြစ်တခုက ပြောသည်။

Myanmar Now သတင်းထောက် မကေဇွန်နွေးသည် အကြမ်းဖက်စစ်တပ်၏ ညှဉ်းပန်းနှိပ်စက်ခံရရုံမျှမက ထောင်အတွင်း၌ တစ်လကြာ တိုက်ပိတ်ခံထားရသည်။ စစ်ကြောရေးတွင် စစ်ဆေးမေးမြန်းသည့် ရဲနှင့် စစ်သားများသည် အမျိုးသမီးအား မကြားဝံ့မနာသာ စကားလုံးများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းများအပါအဝင် အမျိုးသမီးလိင်အင်္ဂါကို ကန်ကျောက်ခြင်း၊ မာကြောသောအရာများနှင့် ထိုးသွင်းခြင်းများကို ကြိမ်ပေါင်းများစွာ ကျူးလွန်ခဲ့ကြသည်များလည်း ရှိသည်။

---

စစ်ကြောရေးတွင် စစ်ဆေးမေးမြန်းသည့် ရဲနှင့် စစ်သားများသည် အမျိုးသမီးအား မကြားဝံ့မနာသာ စကားလုံးများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းများအပါအဝင် အမျိုးသမီး လိင်အင်္ဂါကို ကန်ကျောက်ခြင်း၊ မာကြောသောအရာများနှင့် ထိုးသွင်းခြင်းများကို ကြိမ်ပေါင်းများစွာ ကျူးလွန်ခဲ့ကြသည်များလည်း ရှိသည်။

---

ထိုသို့သော လူ့ဂုဏ်သိက္ခာနှင့် မသင့်လျော်သည့် ညှဉ်းပန်းနှိပ်စက်မှုများ၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ကျူးလွန်မှုများကို အာခံ၍ အမျိုးသမီးများသည် စစ်အာဏာရှင်ကို အမြစ်ပြတ်ချေမှုန်းရန်အတွက် နည်းမျိုးစုံဖြင့် ဆက်လက်လုပ်ဆောင်လျှက်ရှိသည့်အထဲတွင် နည်းလမ်းတခုဖြစ်သည့် ခုခံတော်လှန်ရန် စစ်သင်တန်းရရှိနိုင်သည့်နေရာများသို့ သွားရောက်ကာ စစ်သင်တန်း တက်ရောက်နေသည်များလည်း ရှိပေသည်။








စစ်သင်တန်းသွားရောက်လေ့ကျင့်ရာတွင် လူသိများကျော်ကြားသည့် အနုပညာရှင်များလည်း ပါဝင်နေသည်။ စစ်အာဏာရှင်ကို ခုခံတော်လှန်ရန်အတွက် စစ်သင်တန်းတက်ရောက်နေသည့် အမျိုးသမီးများရှိသကဲ့သို့ စစ်တပ်အာဏာသိမ်းပြီး ၅ လကျော်လာသည်အထိ မြို့တွင်းဆန္ဒပြပွဲများ အရှိန်မလျော့သွားစေရန်အတွက် အသက်စွန့်၍ ဆက်လက်ဆန္ဒထုတ်ဖော်နေသည့် အမျိုးသမီးများလည်း ရှိသည်။

ပျောက်ကျားဆန္ဒပြပွဲများတွင် ဆက်လက်ပါဝင်နေသည့် မကေခိုင်က “လာရောက် ဖြိုခွင်းတာတွေနဲ့ ကြုံတဲ့အခါမျိုးတွေမှာ အိမ်တွေက မဖွင့်ပေး၊ လမ်းတွေက အဝင်မခံတာမျိုးဆို အသက်စွန့်ပြေးရတာပေါ့။ များသောအားဖြင့် ပြည်သူတွေ မထိခိုက်အောင် အသက်စွန့်ပြေးတာ များပါတယ်”ဟု သူမ၏ အတွေ့အကြုံများကို ဖလှယ်ပေးခဲ့သည်။

ထို့ကြောင့် စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းရေးတွင် အရှိန်လျော့မသွားစေရန်အတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ စွန့်လွှတ်စွန့်စားမှုများစွာဖြင့် ကျရာကဏ္ဍမှ တာဝန်ကျေပွန်နေကြသည်ကို တွေ့မြင်နိုင်ပေသည်။

## ဖိနှိပ်ထားသော်လည်း မာန်မချသည့် အာဂအမျိုးသမီးများ

အမျိုးသမီးများသည် စစ်အာဏာရှင်တော်လှန်ရေးတွင် မိမိတို့၏ ချစ်ခင်ရသူများကို စွန့်လွှတ်၍ အကျိုးဆက်အနေဖြင့် ကြုံလာသည့် ခက်ခဲကြမ်းတမ်းမှုများကို ဆီးကြိုအံတုနေကြရသည်။



မန္တလေးတိုင်း မိုးကုတ်မြို့မှ သပိတ်ခေါင်းဆောင်ကိုစိုးဌေးအား လာရောက်ဖမ်းဆီးရာတွင် ကာယကံရှင်မရှိသဖြင့် ဇနီး နှင့် ၅နှစ်အရွယ် သမီးလေးအပါအဝင် သမီး ၂ ယောက်အား ဖမ်းဆီးသွားခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ မိခင်ဖြစ်သူနှင့် အစ်မဖြစ်သူအား ဆက်လက်ထိန်းသိမ်းထားကာ မိသားစုများအား အကြောင်းကြားခြင်းမရှိဘဲ ၅နှစ်အရွယ် ကလေးမလေးကို လွှတ်ပေးခဲ့သည်။ မိခင်ဖြစ်

သူအနေဖြင့် လူမမယ် ၅နှစ်အရွယ် သမီးကလေးအား မိသားစုဝင်တစ်ဦးမျှ မကျန်သည့် အခြေအနေတွင် လိမ်လိမ်မာမာနေရန်သာ မှာကြားနိုင်ခဲ့သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂမှ စုဆောင်းထားသည့် အချက်အလက်များအရ ထိုကဲ့သို့ မိသားစုဝင်များအား ဓားစာခံအနေဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခံရသည့် အခြေအနေများ ၁၀ ကြိမ်ထပ်မနည်း ဖြစ်ပွားခဲ့သည်။ အချို့မိသားစုဝင်များတွင် တစ်ဦးထက်ပို၍ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းများရှိခဲ့သည်။

အချို့မိသားစုဝင်များတွင် အဓိကဝင်ငွေရှာပေးသည့် ခင်ပွန်းဖြစ်သူမှ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် အဖမ်းခံရခြင်းများနှင့် အသက်စွန့်သွားရခြင်းများကြောင့် ကျန်ရစ်သည့် မိခင်နှင့် ဇနီးများအနေဖြင့် လုံခြုံရေးအပြင် စီးပွားရေးအကြပ်အတည်းများနှင့် စားဝတ်နေရေးအကြပ်အတည်းများကို ရင်ဆိုင်ကြရသည်။

ပြည်မြို့ အခြေစိုက် DVB သတင်းထောက် ကိုမင်းညို၏အမှုအား သက်သေထွက်ဆိုပေးမည့်သူ မရှိသည့်အတွက် ဇနီးဖြစ်သူမှ သက်သေအဖြစ် ထွက်ဆိုပေးခဲ့ရကြောင်းနှင့် လက်ရှိတွင် မိသားစုဘဝ ရပ်တည်ရေးအတွက် စိုးရိမ်ပူပန်နေရကြောင်း ကိုမင်းညို၏ ဇနီးမမိုးမိုးက ပြောပြခဲ့သည်။ အလားတူပင် DVB သတင်းထောက် ကိုအောင်ကျော်၏ ဇနီးဖြစ်သူ မနေခြည်သည်လည်း ဖိအားပေး ခြိမ်းခြောက်မှုများကြောင့် အမှုလိုက်ပေးမည့် ရှေ့နေမရှိသည့်အတွက် သူမကိုယ်တိုင် အမှုအား ခုခံချေပခဲ့ရသည်။

မဇ္ဈိမသတင်းထောက် ကိုဇော်ဇော်၏ဇနီး မထက်ထက်မိုးသည် ကျောက်ကပ်ရောဂါဝေဒနာရှင်တဦးဖြစ်ပြီး ခင်ပွန်းသည် အဖမ်းခံရပြီးနောက် ခြိမ်းခြောက်မှုများရှိသဖြင့် ပတ်ဝန်းကျင်မှ မထက်ထက်မိုးတို့ သားအမိအား စကားမပြောတော့သည့်အပြင် ဒလန်များကြောင့် ကျန်းမာရေးမကောင်းသည့် မထက်ထက်မိုးသည် ၂ နှစ်အရွယ်သားငယ်လေးနှင့် နေအိမ်မှ တိမ်းရှောင်နေရသည့်အခြေအနေများကို ရင်ဆိုင်ခဲ့ရသည်။

ထိုသို့သတင်းသမားအား ဖိနှိပ်ထောင်ချမှုများကြောင့် ကျန်ရစ်သူမိသားစုများမှာ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိလာသော်လည်း ဇနီးသည်များသည် မတရားခံခဲ့နေရသော သူမတို့၏ ခင်ပွန်းသည်များအတွက် စိတ်ဓါတ်မကျဘဲ အားပေးကူညီကာ အခက်အခဲများကို အံတုနေကြသည်။

စစ်အာဏာရှင် အမြစ်ပြတ်ခြေမှုန်းရေးလှုပ်ရှားမှုတွင် အသက်ပေးခဲ့သည့် ပဲခူးမြို့မှ ဦးမျိုးမင်းသည် ဇနီးသည်နှင့်အတူ တစ်နှစ် လေးလသားအရွယ် လူမမယ်ကလေးတစ်ဦးအပါအဝင် သားသမီးသုံးယောက် ကျန်ခဲ့ပါသည်။

ဇနီးသည် မကေခိုင်က "ကျွန်မရဲ့ တကိုယ်ရေအတွက်ဆို မှုကို မမှုဘူး။ ကလေးသုံးယောက်ကရှိသေးတော့ သူတို့လေးတွေရဲ့ရှေ့ရေးက ရှိသေးတယ်။ ပြီးတော့ ကျွန်မယောကျ်ားလည်း အသေဖြောင့် စေချင်တယ်။ နောက်ပြီး အတ္တကြီးတယ်ပဲ ပြောရမလား၊ ကျွန်မ သေချာတော့မသိဘူး။ ကျွန်မသိတာ သူ့ကို အောင်ပွဲရတဲ့အထိ သူ့ရဲဘော်တွေနဲ့အတူ ရှိစေချင်သေးတယ်" ဟု ရင်ဖွင့်ခဲ့ပြီး အသက်ရှင်ရပ်တည်ရေးအတွက် ကိုဗစ်ကာလဖြစ်သော်လည်း ဈေးရောင်း၍ ဝင်ငွေရှာရန် ပြင်ဆင်ထားကြောင်း ပြောပြခဲ့သည်။

ယခုစစ်အာဏာရှင်တော်လှန်ရေးတွင် မကေခိုင်ကဲ့သို့ပင် ခင်ပွန်းသည်၏ ဝင်ငွေကို အားထားနေရပြီး ခင်ပွန်းသည်များအား ဆုံးရှုံးခဲ့ရသည့် ဇနီးသည်များစွာရှိပြီး ကြုံတွေ့ရမည့် စားဝတ်နေရေးနှင့် စီးပွားရေးအကြပ်အတည်းများအပြင် ရင်သွေးငယ်များ၏ ဘဝရှေ့ရေးအတွက် ဖြစ်လာသမျှ အခက်အခဲများကို ရင်ဆိုင်အံတုကြရဦးမည်ဖြစ်သော်လည်း အသက်စွန့်သွားသူ ခင်ပွန်းသည်များအား နွေဦးတော်လှန်ရေး သူရဲကောင်းများအဖြစ် ဂုဏ်ယူနေကြပေလိမ့်မည်။

---

အမျိုးသမီးများအပါအဝင် မြန်မာပြည်သူတရပ်လုံး၏ အသက်အန္တရာယ်နှင့် လုံခြုံရေးမှာ လုံးဝအာမခံချက်မရှိသည့်အပြင် တရားဥပဒေစိုးမိုးမှု ယန္တရားမှာ စစ်အာဏာရှင်လက်အောက်၌ လုံးဝပျက်သုဉ်းသွားသဖြင့် တရားမျှတမှုရှာဖွေရန် အတွက်လည်း အခွင့်အလမ်း လုံးဝပျောက်ဆုံးနေသည့် အခြေအနေတွင် ဖြစ်သည်။

---

## နိဂုံး

၃ လတာ ကာလအတွင်း မြန်မာနိုင်ငံ၏အခြေအနေသည် အဘက်ဘက်မှ ချွတ်ခြုံကျလျှက်ရှိပြီး စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများလည်း ပြန်လည်ရုပ်သိမ်းမှုများ ဆက်တိုက်ဖြစ်ပေါ်နေသည်။ အမျိုးသမီးအများစု

အား အလုပ်အကိုင်ဖန်တီးပေးထားသည့် အထည်ချုပ်စက်ရုံများလည်း ပိတ်သိမ်းမှုများရှိနေပြီး ဆင်းရဲမွဲတေမှု၏ အကျိုးဆက်ကို ရှေ့ဆက်တွင် ဆိုးရွားစွာ ခံစားရမည့် အနေအထားဖြစ်နေသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂမှ လစဉ်သုံးသပ်ထားသကဲ့သို့ပင် အမျိုးသမီးများအပါအဝင် မြန်မာပြည်သူတရပ်လုံး၏ အသက်အန္တရာယ်နှင့် လုံခြုံရေးမှာ လုံးဝအာမခံချက်မရှိသည့်အပြင် တရားဥပဒေစိုးမိုးမှုယန္တရားမှာ စစ်အာဏာရှင်လက်အောက်၌ လုံးဝပျက်သုဉ်းသွားသဖြင့် တရားမျှတမှုရှာဖွေရန်အတွက်လည်း အခွင့်အလမ်း လုံးဝပျောက်ဆုံးနေသည့် အခြေအနေတွင် ဖြစ်သည်။ တိုင်းပြည်၏ ယန္တရားများပုံမှန် မလည်ပတ်နိုင်သည့်အပြင် ပြည်သူများသည် ကိုဗစ်တတိယလှိုင်း ရိုက်ခတ်မှုကိုလည်း ပြင်းထန်စွာရင်ဆိုင်နေ ကြရသည်။

ထိုသို့အခြေအနေများ ဆိုးရွားလာသော်လည်း အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်မှာ ၎င်း၏အာဏာတည်မြဲရေးကိုသာ ရှေးရှုလျက် ၎င်းအား ဆန့်ကျင်သည့် မည်သည့်လှုပ်ရှားမှုနှင့် မည်သူ့ကိုမဆိုရက်စက်စွာ ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်မှုများ အရှိန်မြှင့် လုပ်ဆောင်လျှက်ရှိသည်။ လက်ရှိတွင် နိုင်ငံတဝှမ်း၌ ပစ်ခတ်သတ်ဖြတ်မှုများအပြင် အကြမ်းဖက်စစ်တပ်မှ လုယက်မှုများ ကျူးလွန်နေသဖြင့် နိုင်ငံအတွင်းရှိ ပြည်သူများအတွက် လုံခြုံမှုကင်းမဲ့နေသည်။

အထူးသဖြင့် အကြမ်းဖက်စစ်တပ်မှ အမျိုးသမီးများအား ပစ်မှတ်ထားလာသဖြင့် အမျိုးသမီးများ၏လုံခြုံရေးသည် လွန်စွာစိုးရိမ်ရသည့်အနေအထားတွင် ရှိနေပါသည်။ ထိုသို့သော အခြေအနေများကိုကျော်ဖြတ်ရန်မှာ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို မိမိတို့၏ နိုင်ငံအတွင်း အမြန်ဆုံးဖော်ဆောင်၍ စစ်အာဏာရှင်ကို အမြစ်ဖြုတ်ခြေမှုန်းမှသာ ဖြစ်ပေမည်။

လက်ရှိအခြေအနေကဲ့သို့ နွေဦးတော်လှန်ရေးလှုပ်ရှားမှုများကို အချိတ်ဆက်မိမိ ၊ ဟန်ချက်ညီညီဖြင့်တောရောမြို့ပါမကျန် အရှိန်မလျှော့ဘဲ လုပ်ဆောင်သွားမည်ဆိုပါက မိမိတို့လိုချင်သည့် ပန်းတိုင်သို့မလွဲမသွေရောက်ရှိနိုင်မည်ဟု မိမိတို့မှ သုံးသပ်သည်။

■

ယခုသတင်းအနှစ်ချုပ်ကို မိမိတို့အနေဖြင့် အောက်ပါသတင်းဌာနများနှင့် အဖွဲ့အစည်းများမှ သတင်းအချက်အလက်များကို စုဆောင်းကိုးကားထားပါသည်။

RFA , VOA , The Irrawaddy , Kachin Waves , AAPP , The Union , Honesty Information , Women’s League of Burma , BNI , Myanmar Now , Chin World , Kandaryawaddy Time ,BBC